မတ်လ 13 ရက်၊ 2025

## လူမှုရေးလုပ်ငန်း စူပါစတား - ခရိုင်၏ တစ်နှစ်တာအကောင်းဆုံးသော စာသင်ကျောင်း လူမှုရေးလုပ်သားတစ်ဦးအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်းခံလိုက်ရသည့် သက်တမ်းရင့်ဝန်ထမ်း။

DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) မှ လူမှုရေးလုပ်သားတစ်ဦးဖြစ်သည့် Don Wessels သည် ၎င်း၏ အပေါင်းအဖော်များထံမှ ဖော်ပြချက်အရမူ ခင်မင်ရင်းနှီးဖို့ကောင်းပြီး၊ တည်ငြိမ်ကာ အလုပ်ကြိုးစားသည့် ခေါင်းဆောင်တစ်ဦးဖြစ်သလို နည်းညွှန်လမ်းပြပေးသူတစ်ဦးလည်းဖြစ်ကြောင်း သိရှိရသည်။ ဂုဏ်သရေရှိသော ဆယ်စုနှစ် သုံးစုကြာ လုပ်သက်တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Wessels သည် မကြာသေးခင်က DCSD ၏ *တစ်နှစ်တာ အကောင်းဆုံးသော စာသင်ကျောင်း လူမှုရေးလုပ်သား* အဖြစ် ဂုဏ်ပြုချီးမြှင့်ခံခဲ့ရပြီး၊ ၎င်းသည် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များထံမှ မေတ္တာ၊ နှစ်သက်လက်ခံမှု၊ ကျေးဇူးတင်ရှိမှုတို့နှင့်အတူ အဆိုပါဆုအား လက်ခံရယူခဲ့သည်။

DCSD စာသင်ကျောင်းဆိုင်ရာ လူမှုရေးလုပ်သားဌာနသည် မတ်လတိုင်းတွင် စီစဉ်ကျင်းပလေ့ရှိသည့် နိုင်ငံတော် အသိအမှတ်ပြုထားသော စာသင်ကျောင်း လူမှုရေးလုပ်ငန်းဆိုင်ရာ ရက်သတ္တပတ် တစ်ပတ်တာအတောအတွင်းတွင် ဌာနအဖွဲ့ဝင်များထံမှ မဲပေး ဆုံးဖြတ်မှုနှင့်အတူ ဤဆုအား ချီးမြှင့်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းရက်သတ္တပတ်သည် Mr. Wessels အား တစ်နှစ်တာအတွက် ဤဂုဏ်သရေရှိလှသော ဆုအား လက်ခံရရှိသူအဖြစ် ထုတ်ပြန်ကြေငြာခဲ့သည့် နေ့လည်စာစားပွဲတွင် အထွဋ်အထိပ် အချိန်အခါသို့ ရောက်ရှိခဲ့သည်။

"ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေဆီက ဒီလိုအသိအမှတ်ပြု ရွေးချယ်ခံခဲ့ရတဲ့အတွက် အရမ်းကို ဂုဏ်ယူမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူမှုရေးလုပ်ငန်းဌာနက တစ်ဦးချင်းစီတိုင်းဟာဆိုရင် ကလေးတွေနဲ့ ကျွန်ုပ်တို့ကောင်တီအတွင်းက စာသင်ကျောင်းတွေကို ပံ့ပိုးထောက်ပံ့ပေးသွားဖို့ နှစ်မြှုပ်အားထုတ်ဆောင်ရွက်ကြသူတွေချည်း ဖြစ်နေလို့ပါ၊" ဟု Mr. Wessels မှ ဆိုသည်။ "ကျွန်ုပ်တို့ ဌာနထဲမှာရှိကြတဲ့ ဒီလိုပုဂ္ဂိုလ်တွေထဲက တစ်ဦးအဖြစ် အသိအမှတ်ပြုခံရတဲ့အပေါ် အထူးပဲ ဂုဏ်ယူမိပါတယ်။"

Mr. Wessels သည် လူမှုရေးလုပ်သားတစ်ဦးအဖြစ် ၎င်း၏ 32 နှစ်ကြာ လုပ်သက်တစ်ခုလုံးအား DeKalb ကောင်တီကျောင်းခရိုင်အတွက်၊ အဓိကအားဖြင့် Lakeside အထက်တန်းကျောင်းအတွက် နှစ်မြှုပ်ထားခဲ့သူ ဖြစ်သည်။ ခရိုင်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်းမပြုမီက ၎င်းသည် သက်ငယ် တရားရုံး စောင့်ကြည့်ကာလကြပ်မတ်သူ အရာရှိတစ်ဦးအဖြစ် 15 နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ လူမှုရေးလုပ်သားအဖြစ် တာဝန်ထမ်းဆောင်ဖို့ရန် ၎င်း၏ ဆုံးဖြတ်ချက်သည် စင်စစ် ၎င်းအား သင်းအုပ်ဆရာတစ်ဦး ဖြစ်လာဖို့ရန် မျှော်လင့်ထားသော ၎င်း၏အဖွားဖြစ်သူအားဖြင့် တစ်စုံတစ်ရာ စိတ်ကူးပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။ သို့သော်လည်း ၎င်းသည် အခြားသူများအား စိတ်လှုံ့ဆော်အားပေးနိုင်ပြီး၊ မျှော်လင့်ချက်များ ယူဆောင်လာပေးနိုင်သည့် အခြားသော လမ်းကြောင်းတစ်ခုကို ရွေးချယ်ခဲ့သည်။

"ဒီလို လူမှုရေးလုပ်သားအဖြစ် အလုပ်လုပ်တာဟာဆိုရင် သင်းအုပ်ဆရာလို ခံစားချက်မျိုးနဲ့ တူတယ်ဆိုတာကို သူမ သဘောပေါက်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်—ဒီအလုပ်နှစ်မျိုးဟာဆိုရင် တစ်ခုနဲ့တစ်ခု တော်တော်လေးကို ဆင်တဲ့ အလုပ်အကိုင်မျိုးပါ၊" ဟု Mr. Wessels မှ ပြောကြားခဲ့သည်။

Mr. Wessels နှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ၎င်းတို့၏ အတွေ့အကြုံကိုယ်စီအကြောင်း ၎င်း၏ လုပ်ဖော်ကိုင်ဖက်များဖြင့် ဆွေးနွေးပြောကြားရာမှတစ်ဆင့် ၎င်းသည် စိတ်ဓာတ်ဝိညာဉ်ပိုင်းဆိုင်ရာ အားပေးနိုင်သော ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ပိုမိုရှင်းလင်းစွာ သိရှိခဲ့ရသည်။ ၎င်းသည် ခရိုင်၏ ခုခံကာကွယ်နိုင်စွမ်း အင်အားအနည်းဆုံးဖြစ်သည့် ကျောင်းသားများအတွက် တာဝန်ထမ်းဆောင်လျက်ရှိစဉ်တွင် တစ်ဖက်၌လည်း ၎င်းတို့ကို အကောင်းဆုံးကြိုးစားကြဖို့ရန် တစ်သမတ်တည်း တိုက်တွန်း၊ ခွန်အားပေးသူ ဖြစ်သည်။ Shelly Bishop သည် လူမှုရေးလုပ်သား ခေါင်းဆောင်အဖြစ် ရာထူးတိုးမြှင့်ခံရပြီးနောက် ၂နှစ်အကြာတွင် Mr. Wessels မှ သူမအား သူမသည် ယခုတာဝန်ယူထားသော ရာထူးကဏ္ဍအတွက် ကံကြမ္မာသတ်မှတ်ထားခံရသူဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အဲ့ဒီအခိုက်အတန့်မှာ သူဟာ ကျွန်မကို အလင်းပြပေးနိုင်ခဲ့ပါတယ်။ ဒါဟာ ဗျာဒိတ်ပေးတယ်ဆိုရုံ မဟုတ်ပါဘူး၊ အဓိကကတော့ ဘယ်သူက သင့်အတွက် ဝမ်းစာဖြည့် လမ်းညွှန်ထည့်သွင်းပေးခဲ့တယ်ဆိုတာနဲ့ သက်ဆိုင်ပါတယ်၊" ဟု လက်ရှိတွင် လူမှုလုပ်ငန်း ဝန်ဆောင်မှုများဆိုင်ရာ စီမံဆောင်ရွက်ပေးသူအဖြစ် တာဝန်ထမ်းဆောင်နေသော Ms. Bishop မှ ပြောကြားခဲ့သည်။ "Don နဲ့ ကျွန်မက တကယ်တော့ တစ်ကြိမ်တစ်ခါမှ အတူတူ အလုပ်မလုပ်ဖူးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ ခရိုင်ရဲ့ မတူညီတဲ့ ဧရိယာတွေမှာ တာဝန်ထမ်းဆောင်နေကြလို့ပါ။ သူက ကျွန်မကို လူပုဂ္ဂိုလ်အရတော့ မသိပါဘူး၊ ဒါပေမဲ့ သူက ကျွန်မကို အမြဲတမ်း ရင်းရင်းနှီးနှီး ဆက်ဆံပေးခဲ့တယ်။ ဒီဆုဟာဆိုရင်လည်း သူနဲ့ တကယ်ကို ထိုက်တန်တဲ့ ဂုဏ်ပြုဆုပါ။"

DCSD ၏ လူမှုရေးလုပ်သားခေါင်းဆောင်တစ်ဦး ဖြစ်သည့် Katina Watts မှလည်း Mr. Wessels သည် သူမ ပထမဆုံးအကြိမ် ခရိုင်သို့ ရောက်ရှိလာချိန်က သူမကို ပထမဆုံး လက်ခံကြိုဆိုခဲ့ကြသူတွေထဲမှ တစ်ဦးအပါအဝင်ဖြစ်ကြောင်း၊ နှင့် သူမ၏ သက်မွေးဝမ်းကျောင်း လုပ်သက်တစ်လျှောက် သူမအား တည်ငြိမ်စွာဖြင့် ပံ့ပိုးအားဖြည့်ပေးနေခဲ့သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

"[အခက်အခဲအန္တရာယ်အခြေအနေတစ်ခု အကြားမှာမှ] သူ့ရဲ့ နူးညံ့ညင်သာတဲ့ အသံကို ကြားရတာဟာ တကယ်ကို ကောင်းမွန်ပါတယ်၊" ဟု Ms. Watts မှ ဆိုသည်။ "ကျဉ်းထဲကြပ်ထဲ ကျွန်မ ရောက်ရှိနေချိန်မှာဆိုရင် ကျွန်မက Don ကို ရှာမိတတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ Don က အရာရာကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် လုပ်ဆောင်နိုင်လို့ပါ၊ ပြီးတော့ အဲ့ဒါကလည်း သူနဲ့ပတ်သက်ပြီး ကျွန်မ နှစ်သက်ရတဲ့ အရာတွေထဲက တစ်ခုပါ။ သူ့ရဲ့ ဉာဏ်ပညာနဲ့ ဗဟုသုတကြွယ်ဝမှုကိုလည်း နှစ်သက်မိတယ်၊ သူ့မှာဆိုရင် ဝေမျှပေးဖို့ အချက်အလက်တွေ အများကြီး ရှိနေတတ်တယ်။"

Mr. Wessels သည် ၎င်းဆောင်ရွက်သမျှ အရာတိုင်း၊ ၎င်းပြောဆိုသမျှ စကားလုံးတိုင်းသည် DCSD ကျောင်းသားများ ပညာရေးပိုင်းနှင့် လူမှုရေးပိုင်းတွင် အောင်မြင်မှုရရှိဖို့ရန် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ခြင်းဖြစ်ကြောင်း ယုံကြည်ထားသူ ဖြစ်သည်။ လူမှုရေးလုပ်သားတစ်ဦးအဖြစ် ၎င်း၏ ထိရောက်စွမ်းဆောင်နိုင်မှုသည် စင်စစ် ကျောင်းသားများ အောင်မြင်စေရေးဌာ ပံ့ပိုးပေးဖို့ နည်းလမ်းများအား ရှာဖွေလျက်ရှိသော ခရိုင်၏ ကတိကဝတ်ပြုဆောင်ရွက်ချက်များကြောင့်သာ ဖြစ်ကြောင်း ၎င်းမှ ခရစ်ဒစ်ပေး ပြောကြားခဲ့သည်။

"ကလေးတွေရဲ့ စာသင်ကျောင်းပြင်ပက ၎င်းတို့ရဲ့ လိုအပ်ချက်တွေဟာဆိုရင် အရမ်းကို ကြီးမားပြီး၊ အရမ်းကို သက်ရောက်နိုင်စွမ်း ရှိပါတယ်။ ကျောင်းသားတွေရဲ့ လူမှုရေးလုပ်သားတစ်ဦးဖြစ်တဲ့ ကျွန်ုပ်တို့ဟာဆိုရင် ကျောင်းသားတွေကို ဒီဖိအားများပြီး၊ ခက်ခဲလှတဲ့ အချိန်တွေကို ဖြတ်ကျော်နိုင်ဖို့ အကူအညီပေးကြရမှာ ဖြစ်ပါတယ်၊" ဟု ၎င်းမှ ဆိုသည်။ "ကျွန်တော်တို့ဟာဆိုရင် မိသားစုတွေကို ပံ့ပိုးထောက်ပံ့ပေးတယ်၊ ပြီးတော့ စီမံအုပ်ချုပ်သူတွေနဲ့ အတန်းပိုင် ဆရာ၊ဆရာမတွေထံ တုံ့ပြန်မှတ်ချက်တွေ ပြုလုပ်ပေးတယ်၊ ဒီလိုနည်းလမ်းနဲ့ ကျောင်းပြင်ပမှာ ကလေးတွေဟာ ဘာတွေကို လိုအပ်နေကြောင်း သူတို့ သိရှိလာကြပြီး၊ ကလေးတွေကို ပံ့ပိုးထောက်ပံ့ပေးတဲ့အခါမှာ အဲ့ဒီအရာတွေကို ထည့်သွင်းစဉ်းစားပေးကြနိုင်မှာ ဖြစ်ပါတယ်။"

Mr. Wessels သည် လုပ်သက်အနားယူခံနီးပြီ ဖြစ်သည်၊ ထို့ပြင် ၎င်းသည် အဆိုပါအချိန်သို့ ရောက်ရှိလာသည့်အခါ၌ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များနှင့် ၎င်း အကူအညီပေးခဲ့ဖူးသော ကျောင်းသားများတို့သည် ၎င်းအား ခရိုင်၏ စာသင်ကျောင်း လူမှုရေးလုပ်ငန်းဌာနတွင် သန်မာသော အကြံပေးထောက်ခံသူတစ်ဦးအဖြစ် မှတ်မိနေကြဖို့ရန် မျှော်လင့်မိကြောင်း ထုတ်ဖော်ဖွင့်ဟခဲ့သည်။

"ကျွန်တော်က စီမံအုပ်ချုပ်သူတွေ၊ ဆရာ၊ဆရာမတွေ၊ အကြံပေးအတိုင်ပင်ခံတွေ၊ ပြီးတော့ အဓိကအားဖြင့် ကလေးတွေနဲ့အတူ ၎င်းတို့ အောင်မြင်တိုးတက်ဖို့ အတူလုပ်ကိုင်ဆောင်ရွက်ပေးခဲ့ဖူးသူဖြစ်ကြောင်း မှတ်မိခံရဖို့ မျှော်လင့်မိပါတယ်၊" ဟု ၎င်းမှ ဆိုသည်။ "ကျောင်းသားတွေနဲ့ သူတို့ မိသားစုတွေရဲ့ အသက်တာ ဖွံ့ ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ အင်အားတစ်ခုအဖြစ် ကျွန်တော့်ကို သူတို့ မှတ်မိနေကြဖို့ မျှော်လင့်မိပါတယ်။"